# ဘောလုံးကယြ်ပွင့်လေး အန်းဒီစဝါ



- Eden Daniels
- Eden Daniels
- Naw Thazin Hpway
- 2
- မြန်မာဘာသာ my



အန်းဒီစဝါဟာ ကောင်လေးတွေ ဘောလုံးကန်တာကို ကြည့်ပါတယ်။ သူဟာလည်း သူတို့နဲ့အတူ ဝင်ကစားနိုင်ဖို့ အလိုရှိပါတယ်။ သူ့ရဲ့ နည်းပြကို သူတို့နဲ့တူတူ လေ့ကျင့်နိုင်မလားလို့ မေးပါတယ်။



နည်းပြကြာ သူ့ရဲ့တင်ကိုထောက်ပြီး “ဒီကျောင်းမှာ ယောကျ်ားလေးတွေဘဲ ဘောလုံးကစားနိုင်တာ” လို့ ပြောပါတယ်။



ကောင်လေးတွေကေ သူ့ကို ပိုက်ကျော် ဘောလုံးကစားနည်းတွေကိုဘဲ သွားကစားဖို့ပြောပါတယ်။ ပိုက်ကျော်ဘောလုံးကစားနည်းက မိန်းကလေးတွေအတွက်ဖြစ်ပြီး ဘောလုံးကန်တာက ယောကျ်ားလေးတွေအတွက်ဖြစ်တယ်လို့ သူတို့က ပြောပါတယ်။ အန်းဒီစဝါဟာ စိတ်ပျက်သွားပါတယ်။



နောက်တစ်နေ့မှာတော့ ကျောင်းမှာ ဘောလုံးကစားပွဲ ကြီးတစ်ခု ရှိပါတယ်။ နည်းပကြာ သူ့ရဲ့အတော်ဆုံး ကစားသမားဟာ ဖျားပြီးမကစားနိုင်တော့တဲ့အတွက် စိတ်ပူနေရပါတယ်။



အန်းဒီစဝါဟာ နည်းပြဆီပြေးလာပြီး သူ့ကို ဘောလုံး ပေးကန်ဖို့ တောင်းဆိုပါတယ်။ နည်းပြကလည်း ဘာ လုပ်ရမှန်း မသိတော့ပါဘူး။ ဒါနဲ့ သူဟာ အန်းဒီစဝါကို အသင်းထဲ ဝင်ခွင့်ပြုဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။



ကစားပွဲက အတော်လေး ကမြန်းပါတယ်။ ပွဲတစ်ဝ
တ်လောက်ထိ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။



ဒုတိယပိုင်းမှာတော့ ကောင်လေးတွပေဟာ ဘောလုံးကို
အန်းဒီစဝါဆီ ပေးလိုက်တဲ့အခါမှာ သူဟာ ဂိုးတိုင်ဆီ
အမြန် သယ်သွားပါတယ်။ သူဟာ ဘောလုံးကို ခ
ပ်ပြင်းပြင်းကန်လိုက်တဲ့အခါမှာ ဂိုးသွင်းနိုင်ခဲ့ပါတယ်။



ပရိတ်သတ်တွေဟာ ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေနဲ့အ
တူ တခဲနက် အားပေးကပြါတယ်။ အဲ့ဒီနေ့ကစပိြ
ကျောင်းမှာ မိန်းကလေးတွေကိုလည်း ဘောလုံးက
န်ခွင့် ပုပြလိုက်ပါတယ်။

# Global Storybooks

globalstorybooks.net

## ဘောလုံးကြယ်ပွင့်လေး အန်းဒီစဝါ


Eden Daniels
Eden Daniels
Naw Thazin Hpway



CC BY NC